ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

The Republic of the Union of Myanmar

# အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

# The Procedures relating to the New Plant Variety Protection Law

၂၀၂၁ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

The Republic of the Union of Myanmar

# အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

# The Procedures relating to the New Plant Variety Protection Law

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊

24 September 2021

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၈၇ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ **တော်သလင်းလပြည့်ကျော် ၄** ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၄၆ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) **ဥပဒေ**ဆိုသည်မှာ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကို ဆိုသည်။

(ခ) **ပုံစံ**ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ဖော်ပြသည့် ပုံစံကို ဆိုသည်။

## The Government of the Republic of the Union of Myanmar

## Ministry of Agriculture, Livestock and Irrigation

Order No. 287 /2021

The 4th Waning Day of Tawthalin, 1383 M.E.

(24 September 2021)

In exercise of the power conferred by subsection (b) of section 46 of the New Plant Variety Protection Law, the Ministry of Agriculture, Livestock and Irrigation issues the following Procedures.

### CHAPTER I

### Title and Definitions

1. These Procedures shall be called **the Procedures relating to the New Plant Variety Protection Law**.

2. The expressions contained in these Procedures shall have the same meanings defined in the New Plant Variety Protection Law. In addition, the following expressions shall have the meanings given below:

(a) **Law** means the New Plant Variety Protection Law.

(b) **Form** means the forms defined in these Procedures.

(ဂ) **ထုတ်ကုန်များ**ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများအား အသုံးပြု၍ ထုတ်လုပ်ခြင်းမှ ရရှိလာသည့် ထုတ်ကုန်များကို ဆိုသည်။

(ဃ) **နည်းပညာကော်မတီ**ဆိုသည်မှာ အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးပေးရန်နှင့် သဘောထားမှတ်ချက် ပြုနိုင်ရန် ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ဂ)အရ ဗဟိုကော်မတီက ဖွဲ့စည်းပေးထားသော အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီကို ဆိုသည်။

(င) **အပင်အမျိုးအစားအလိုက် တိုက်ဆိုင်စစ်ဆေးရေးလမ်းညွှန်စာအုပ် (Test Guideline)** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့မှ ပြုစုထားသော အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးရာတွင် အသုံးပြုသည့် လမ်းညွှန်စာအုပ် သို့မဟုတ် ယင်းကို အခြေခံ၍ဖြစ်စေ၊ အခြားနိုင်ငံများမှ ပြုစုထားသည်များကို အခြေခံ၍ ဖြစ်စေ အသုံးပြုသည့် လမ်းညွှန်စာအုပ် သို့မဟုတ် မိမိနိုင်ငံနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြုစုရေးဆွဲထားသော လမ်းညွှန်စာအုပ်ကို ဆိုသည်။

(စ) **အပင်မျိုးသစ်စစ်ဆေးရေးပညာရှင် (Distinctness, Uniformity and Stability –DUS Examiner)** ဆိုသည်မှာ နည်းပညာကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အဖွဲ့ဝင်

(c) **Products** means the products derived from production by using the harvested materials of a protected new plant variety.

(d) **Technical Committee** means the Technical Committee for a New Plant Variety Testing organized by the Central Committee under subsection (c) of section 5 of the Law to examine and remark whether a plant variety is a new plant variety or not.

(e) **Test Guidelines (TGs)** means the guidelines used to examine whether a plant variety is a new plant variety or not, which are documented by the International Union for the Protection of New Varieties of Plants (UPOV) or developed based on UPOV guidelines or the guidelines of other countries or developed suitability for our country.

(f) **Distinctness, Uniformity and Stability (DUS) Examiner** means the members of the Technical Committee, the members of sub–Technical Committee and the specific crop specialists who

များနှင့် အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးမည့် အပင် အမျိုးအစားအလိုက် ကျွမ်းကျင်ပညာရှင်များကို ဆိုသည်။

(ဆ) **စီးပွားဖြစ်ထုတ်လုပ်ရန်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်း** ဆိုသည်မှာ ကာကွယ်ခွင့်ယူထားသည့် လယ်ယာသီးနှံအမျိုးအစား အပင်မျိုးသစ်ကို ၅ဧကနှင့် အောက် စိုက်ပျိုး၍ ရရှိလာသည့် မျိုးစေ့များအား ၅ဧကနှင့် အောက်သာ ထပ်မံစိုက်ပျိုးရန် အသုံးပြုခြင်းနှင့် ထုတ်ကုန်များကို အမှန်တကယ် မိသားစု စားသုံးရန်အတွက် အသုံးပြုခြင်းတို့ကို ဗဟိုကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များပါ သတ်မှတ်ချက်များနှင့် အညီ စိုက်ပျိုးထုတ်လုပ်ခြင်းကို ဆိုသည်။

(ဇ) **သင့်တင့်မျှတသောအခွင့်အရေး** ဆိုသည်မှာ ဥပဒေပုဒ်မ ၃၀ အရ အပင်မျိုးမွေးမြူသူက ရပိုင်ခွင့်အခွင့်အရေးကို တောင်းဆိုရာတွင် ဗဟိုကော်မတီမှ ညှိနှိုင်းစေ့စပ်သည့်အပေါ် သဘောတူ လက်ခံရမည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

## အခန်း(၂)

## အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးလျှောက်ထားခြင်းနှင့် မျိုးသစ်အဖြစ်အသိအမှတ်ပြုခြင်း

၃။ (က) အပင်မျိုးမွေးမြူသူ မည်သူမဆို ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပင်မျိုးသစ် ကာကွယ်သည့် အခွင့်အရေးကို လျှောက်ထားနိုင်သည်။

examine whether a plant variety is a new plant variety or not.

(g) **Acts done privately and for non–commercial purposes** means the production of a protected new plant variety of field crop on less than 5 acres, using the seeds obtained from previous cultivation for re–growing on less than 5 acres and using the products actually for home consumption in accordance with the orders and directives issued by Central Committee occasionally.

(h) **Reasonable Opportunity** means the right which must be accepted by the plant breeder upon the negotiation of the Central Committee in claiming for his or her right in accordance with the section 30 of the Law.

## CHAPTER II

## Application for the Right of a New Plant Variety Protection and Recognition as a New Plant Variety

3. (a) Any plant breeder may apply for the right of a new plant variety protection in accordance with the provisions in the Law.

(ခ) အပင်မျိုးသစ်ကို နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော မျိုးမွေးမြူသူများမှ ပူးပေါင်း မွေးမြူထုတ်လုပ်ခဲ့ပြီး ယင်းမျိုးမွေးမြူသူအားလုံးမှ သဘောတူ လက်မှတ်ရေးထိုး၍ လျှောက်ထားခဲ့လျှင် လျှောက်ထားသူများမှ သဘောတူညီမှုရရှိထားသော အပင်မျိုးမွေးမြူသူ သို့မဟုတ် အပင်မျိုးမွေးမြူသူများသာလျှင် ယင်းအပင်မျိုးသစ်အတွက် ကာကွယ်သည့် အခွင့်အရေးကို ရရှိစေရမည်။

၄။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အားကာကွယ်သည့် အခွင့်အရေးရရှိရန် လျှောက်ထားခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) အပင်မျိုးမွေးမြူသူသည် ကာကွယ်ခွင့်လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဥက္ကဋ္ဌ၊ ဗဟိုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်သို့ လျှောက်လွှာပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

(ခ) ယင်းသို့လျှောက်ထားရာ၌ အပင်အမျိုးအစားအလိုက် တိုက်ဆိုင်စစ်ဆေးရေးလမ်း ညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း တိကျစွာ လိုက်နာရမည့်အပြင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီမှ အပင်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်၍ လျှောက်ထားရမည်။

(b) If a new plant variety is developed together by two or more breeders and all of the breeders have signed and applied for the right of a new plant variety protection, only the breeder or breeders with the consent of the applicants shall have the right to protect for the new plant variety.

4. A plant breeder shall follow the application procedures to apply for the right of the protection of a new plant variety as follows:

(a) The plant breeder shall apply for a new plant variety protection to the Chairperson of the Central Committee, Ministry of Agriculture, Livestock and Irrigation, Nay Pyi Taw in application form (1).

(b) In making such application, the application shall be made exactly as mentioned in the test guidelines for each type of plant and the fees for each type of plant designated by the Central Committee with the approval of the Ministry shall be paid.

(ဂ) လျှောက်လွှာပုံစံ(၁)၌ ဖော်ပြထားသည့် အပင်မျိုးသစ်အတွက် ကာကွယ်ခွင့် လျှောက်ထားသည့် လျှောက်လွှာစဉ်အရ ရက်စွဲနှင့် အချိန်ကိုသာ ဦးစားပေး အခွင့်အရေးတွင် အသုံးပြုရမည်။

၅။ (က) နည်းပညာကော်မတီသည် အပိုဒ် ၄ အပိုဒ်ခွဲ (က) ပါ လျှောက်ထားခြင်းအား ဥပဒေ ပုဒ်မ ၈၊ ၁၂၊ ၁၃ တို့နှင့်အညီ လိုက်နာခြင်း ရှိ မရှိ ပဏာမစစ်ဆေးပြီး ကိုက်ညီမှုရှိပါက အများပြည်သူအား အသိပေးကြေညာခြင်းနှင့် ကြေညာသည့်အပေါ် တစ်လအတွင်း တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မရှိပါက ဥပဒေပုဒ်မ ၉၊ ၁၀၊ ၁၁ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ တို့ကို အပင်မျိုးသစ်စစ်ဆေးရေးပညာရှင်များမှ ဆက်လက် စစ်ဆေးရမည်။

(ခ) ဥပဒေပုဒ်မ ၁၂၊ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပင်မျိုးသစ်အား အမည်ပေးရာတွင် ကိုက်ညီမှုမရှိ၍ ငြင်းပယ်ပါက အပင်မျိုးမွေးမြူသူမှ အခြားသော အဆိုပြုလိုသည့် အမည်ကို ငြင်းပယ်သည့်ကာလမှ (သုံးလ)အတွင်း တင်ပြစေရမည်။

(ဂ) သတ်မှတ်ကာလအတွင်း မျိုးအမည်အသစ်အား တင်ပြနိုင်ခြင်းမရှိပါက ယင်းလျှောက်ထားခြင်းသည် အလိုအလျောက် ပျက်ပြယ်စေပြီး ထပ်မံလျှောက်ထားလိုပါက ရက်စွဲအသစ်ဖြင့် လျှောက်ထားနိုင်သည်။

(c) Only the date and time according to the application number for protection of the new plant variety mentioned in the application form (1) shall be used for the right of priority.

5. (a) The Technical Committee shall preliminarily examine the application mentioned in subparagraph (a) of paragraph 4 whether it is in compliance with sections 8, 12 and 13 of the Law or not and if it is complied, the application shall be published and if there is no objection within one month, the DUS examiner shall continue to test whether the applied variety complies with the provisions of sections 9, 10 and 11 of the Law or not.

(b) If there is a rejection due to the denomination of a new plant variety which does not comply with the provisions of sections 12 and 13 of the Law, the plant breeder shall submit other proposed denomination during three months from the rejected period.

(c) If the new denomination shall not be submitted during prescribed period, the application shall be declared null and avoid automatically and reapplication may be made with new date.

(ဃ) အပင်မျိုးသစ်မွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ခံစားခွင့်ပြုသည့်အချိန်မှ စတင်၍ ဗဟိုကော်မတီတွင် ၎င်းမျိုးအမည်ကို မှတ်ပုံတင်ထားရမည်။

(င) အပိုဒ်ခွဲ (က)ပါ ဥပဒေ ပုဒ်မ ၉၊ ၁၀၊ ၁၁တို့နှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးရာတွင် ဥပဒေ ပုဒ်မ ၁၈(ခ)ပါ နည်းလမ်းတစ်ခုခုဖြင့် အပင်မျိုးသစ်စစ်ဆေးရေး ပညာရှင်များမှ စစ်ဆေးပေးရန်နှင့် စစ်ဆေးတွေ့ရှိထားသော အချက်အလက်များကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်းနှင့် ဗဟိုကော်မတီက ပြည်သူအား အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ရမည်။

(စ) ပြည်သူလူထုမှ တစ်လအတွင်း အကြောင်းတစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိပါက ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူအား အပင်မျိုးသစ် ကာကွယ်ခွင့်ပြုကြောင်း အသိအမှတ်ပြုလက်မှတ်ကို ပုံစံ (၂) ဖြင့် ထုတ်ပေးရမည်။

(ဆ) ဗဟိုကော်မတီသည် အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပါက ငြင်းပယ်ကြောင်းကို အပင်မျိုးမွေးမြူသူအား အသိပေးရမည်။

(ဇ) အပင်မျိုးမွေးမြူသူသည် ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အတွက် ပေးဆောင်ရမည့် နှစ်စဉ်ကြေးများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့်အတိုင်း ပေးဆောင်ရမည်။

(d) The name of a new plant variety shall be registered in the Central Committee from the time of the granting of a plant breeder's right.

(e) In the examination of the application whether it complies with the provisions of sections 9, 10 and 11 of the Law or not mentioned in the subparagraph (a), the DUS examiners shall examine an applied variety by using one of the methods mentioned in the section 18 (b) of the Law, and analyze the recorded data and report to the Central Committee with remark, and the Central Committee shall announce it to the public.

(f) If there is no objection by the public within one month, the Central Committee shall issue a recognition certificate to a plant breeder for the protection of a new plant variety in form (2).

(g) If the Central Committee decides to reject the recognition as a new plant variety, the rejection shall be informed to the plant breeder.

(h) The plant breeder shall pay the annual fee designated by the Central Committee with the approval of the Ministry for a protected new plant variety.

## အခန်း(၃)
## ဦးစားပေးအခွင့်အရေးနှင့် ယာယီကာကွယ်ခွင့်

၆။ ဥပဒေပုဒ်မ ၂၀အရ အပင်မျိုးမွေးမြူသူသည် ဦးစားပေးအခွင့်အရေး လျှောက်ထားလိုပါက လျှောက်လွှာပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

၇။ (က) အပင်မျိုးသစ်အား ကာကွယ်သည့် အခွင့်အရေး လျှောက်ထားသူသည် အပင်မျိုးသစ် တစ်မျိုးတည်းအား နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော မျိုးမွေးမြူသူများ နေ့စွဲမတူဘဲ လျှောက်ထားလာပါက ဦးစွာ လျှောက်ထားသူသာလျှင် လျှောက်လွှာ အစီအစဉ်အရ ဦးစားပေးအခွင့်အရေး ရရှိစေရမည်။

(ခ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး လျှောက်ထားရာတွင် အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း လျှောက်လွှာအစီအစဉ်အရ ဦးစားပေးအခွင့်အရေး ရှိသော်လည်း လျှောက်ထားသူများမှ သဘောတူညီမှု မရရှိခဲ့ပါက အဆိုပါ အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်ကို ခံစားခွင့် မရှိစေရ။

၈။ (က) ဥပဒေပုဒ်မ ၂၂ပါ ယာယီကာကွယ်ခွင့်နှင့် စပ်လျဉ်း၍ အကြောင်း တစ်စုံတစ်ရာကြောင့် အပင်မျိုးမွေးမြူသူမှ ယာယီကာကွယ်ခွင့် ရုပ်သိမ်းလိုသည်ဖြစ်စေ၊ ရုပ်သိမ်းရန် အခြေအနေများ ရှိလာသည်ဖြစ်စေ ရုပ်သိမ်းခြင်းကို ဗဟိုကော်မတီမှ အများပြည်သူအား သိရှိရန် ထုတ်ပြန် ကြေညာရမည်။

## CHAPTER III

## Right of Priority and Provisional Protection

6. According to section 20 of the Law, if a plant breeder wants to apply for the right of priority, he or she shall apply for it in form (3).

7. (a) When two or more plant breeders apply for granting of a plant breeder's right of a new plant variety for the same new plant variety with different application dates, only the first applicant shall have a right of priority according to application number.

   (b) In the application for granting of a plant breeder's right, the right for protection of a new plant variety shall not be granted if there is no agreement by the applicants although they have the right of priority according to application number as mentioned in subparagraph (a).

8. (a) Subject to provisional protection in section 22 of the Law if a plant breeder wants to withdraw the provisional protection or there are the grounds for cancellation, the Central Committee shall announce the cancellation to the public.

(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း အပင်မျိုးမွေးမြူသူ၏ သဘောရိုး မဟုတ်သည့် ဆောင်ရွက်ချက်များကြောင့် အဆိုပါ ယာယီကာကွယ်ခွင့် ရရှိထားသည့် အပင်မျိုးသစ်ကို အသုံးပြုသူများ၌ တစ်စုံတစ်ရာ ထိခိုက်နစ်နာ၍ ပြန်လည် ပေးလျော်သင့်သည်များရှိပါက ဗဟိုကော်မတီ၏ အဆုံးအဖြတ်အတိုင်း ယာယီကာကွယ်ခွင့်ရရှိ ထားသော အပင်မျိုး မွေးမြူသူမှ လိုက်နာဆောင်ရွက်ပေးရမည်။

## အခန်း(၄)

## ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်အား မျိုးထိန်းစိုက်ပျိုးခြင်းနှင့် တရားမဝင်အသုံးပြုခြင်းအပေါ် စောင့်ကြပ်ကြည့်ရှုခြင်း

၉။ (က) ဥပဒေပုဒ်မ ၂၇ (ခ) အရ တောင်သူများက ၎င်းတို့၏ ကိုယ်ပိုင်မြေတွင် မျိုးထိန်း စိုက်ပျိုးခြင်း၊ စိုက်ပျိုးခြင်းမှ ရရှိလာသည့် ထွက်ကုန်များကို မိမိစားသုံးရန်အတွက် အသုံးပြုခြင်းစသည့် စီးပွားဖြစ်ထုတ်လုပ်ရန် မဟုတ်ဘဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုမည့် သီးနှံအမျိုးအစားနှင့် ပမာဏတို့ကို နောက်ဆက်တွဲ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ပေးရမည်။

(ခ) အဆိုပါ သတ်မှတ်ပမာဏများအတွက် အမိန့်နှင့် အမိန့်ကြော်ငြာစာများကို ဗဟိုကော်မတီက လိုအပ်သလို ထုတ်ပြန်နိုင်သည်။

(b) During the provisional protection period, if there is the reimbursement of losses for the users of this provisional protected new plant variety due to dishonest manner of the breeder, the breeder shall follow with the decision of the Central Committee.

## CHAPTER IV

## Inspection to Propagation on Own Holding and Unauthorized Use of a Protected New Plant Variety

9. (a) Under section 27 (b) of the Law, the permitted amount and type of the crops in relation to acts done privately and for non–commercial purposes such as propagation of the protected new plant variety on the farmers' own holdings, home consumption of the product of the harvest which is obtained by planting the protected variety on their own holdings etc., may be designated by the additional orders and directives.

(b) The Central Committee may issue the order and notification for the permitted amount, if necessary.

၁၀။ ဥပဒေပုဒ်မ ၂၇ (ခ)အရ စိုက်ပျိုးထုတ်လုပ်သူ တစ်ဦးဦးက အပင်မျိုးသစ်ကို မျိုးထိန်း စိုက်ပျိုးခြင်း၊ မိသားစုစားသုံးရန်အတွက် အသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ အမိန့်နှင့်ညွှန်ကြားချက်များတွင် သတ်မှတ်ထားသည့် ပမာဏအတိုင်း လုပ်ဆောင်ခြင်း ဟုတ် မဟုတ် ကို စောင့်ကြည့်ရန် အပင်မျိုးမွေးမြူသူမှ တောင်းဆိုလာပါက ဗဟိုကော်မတီမှ နည်းပညာကော်မတီကို တာဝန်ပေး ဆောင်ရွက်စေရမည်။

၁၁။ ဥပဒေပုဒ်မ ၂၈အရ ကာကွယ်ခွင့်ရယူထားသည့် အပင်မျိုးသစ်ကို တစ်ဦးဦးမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုမရှိခြင်း၊ သုတေသနအတွက် အသုံးပြုခြင်း၊ ဤလုပ်ထုံးလုပ်နည်းများတွင် ခွင့်ပြုထားသည့် ပမာဏအရ စိုက်ပျိုးထုတ်လုပ်သူများမှ မျိုးထိန်းစိုက်ပျိုးခြင်းနှင့် အခြားမျိုးသစ်များ ရရှိရန်အတွက် မျိုးမွေးမြူခြင်း လုပ်ငန်းများတွင် မှန်ကန်စွာ ဆောင်ရွက်နေခြင်း ဟုတ် မဟုတ် တို့ကို အပင်မျိုးမွေးမြူသူက စစ်ဆေးပေးရန် တောင်းဆိုခဲ့လျှင် နည်းပညာကော်မတီအဖွဲ့ဝင်များမှ စစ်ဆေးပေးရမည်။

၁၂။ ဥပဒေပုဒ်မ ၂၉ (က) နှင့်အညီ ကင်းလွတ်ခွင့်ရယူထားသည့် အပင်မျိုးသစ်ကို တစ်ဦးဦးမှ မှန်ကန်စွာ လုပ်ဆောင်နေခြင်း ဟုတ် မဟုတ် တို့ကို အပင်မျိုးမွေးမြူသူက စစ်ဆေးပေးရန် တောင်းဆိုခဲ့လျှင် နည်းပညာကော်မတီ အဖွဲ့ဝင်များမှ စစ်ဆေးပေးရမည်။

10. Under section 27 (b) of the Law, if a plant breeder requests to monitor whether a grower propagates a protected new plant variety on his or her own holdings and acts for home consumption of the product which is obtained by planting the protected variety on his or her own holding with the permitted amount or not which is designated by the additional orders and directives, the Central Committee may assign duty to Technical Committee.

11. If a plant breeder requests to check whether any person acts done for commercial purposes, for experimental purposes, for propagation of the protected new plant variety on his or her own holdings with the permitted amount in this procedure and for the purpose of the breeding other varieties under section 28 of the Law or not, the members of the Technical Committee shall inspect these.

12. The members of the Technical Committee shall inspect it if a plant breeder requests to inspect whether a person operates properly a new plant variety exempted in accordance with section 29 (a) of the Law.

## အခန်း(၅)
## အများပြည်သူအကျိုးအရ ကန့်သတ်ခြင်းနှင့် သင့်တင့်မျှတသည့်အခွင့်အရေး

၁၃။ ဥပဒေပုဒ်မ ၃၀ အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ကင်းလွတ်ခွင့်ပြုရန် ပေါ်ပေါက်လာသည့် ကိစ္စရပ်များဖြစ်သော အရေးပေါ် အခြေအနေများ (ဥပမာ- သဘာဝဘေး အန္တရာယ်များနှင့် ကပ်ဘေးကျ ရောက်ခြင်းများ)တွင် ဗဟိုကော်မတီက ခွင့်ပြုချက်ပေးသော အဖွဲ့အစည်း ထံမှ အပင်မျိုးမွေးမြူသူက သင့်တင့်မျှတသည့် အခွင့်အရေးကို တောင်းဆို ရာတွင် အများပြည်သူအကျိုးကို ထောက်ထား၍ ဗဟိုကော်မတီ၏ ညှိနှိုင်း စေ့စပ်ပေးသည့်အတိုင်း ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၁၄။ ဗဟိုကော်မတီအနေဖြင့် သင့်တင့်မျှတသည့် အခွင့်အရေးကို ဆုံးဖြတ် ရာတွင် အောက်ပါအချက်များဖြစ်သည့် -

(က) သဘာဝဘေးအန္တရာယ်ကျရောက် ပျက်စီးဆုံးရှုံးမှု အခြေ အနေ၊

(ခ) အဆိုပါ သဘာဝဘေးအန္တရာယ် ကျရောက်သောကြောင့် အပင်မျိုးသစ်ကို အသုံးပြုသူ၏ ထိခိုက်နစ်နာမှုအခြေအနေ နှင့်

(ဂ) အပင်မျိုးမွေးမြူသူ၏ ရင်းနှီးမြှုပ်နှံထားရှိမှုအရ ခွင့်ပြုပေးနိုင် သည့် အတိုင်းအတာ ပမာဏတို့ကို အခြေခံ၍ ဆုံးဖြတ်ရ မည်။

## CHAPTER V

## Restriction for Public Interest and Reasonable Opportunity

13. In urgent situations of exception of the plant breeder's right (e.g. natural disaster and pandemic) under section 30 of the Law, the plant breeder may follow the negotiation of Central Committee for public interest when he or she claims reasonable opportunity from organization authorized by the Central Committee.

14. The Central Committee may make a decision for reasonable opportunity based on:

    (a) losses due to natural disaster,

    (b) risk situations for the user of a new plant variety due to this natural disaster, and

    (c) permitted amount by the plant breeder's investment.

## အခန်း(၆)

## အထွေထွေ

**၁၅။** ဗဟိုကော်မတီနှင့် နည်းပညာကော်မတီတို့သည် ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၆။ ဗဟိုကော်မတီသည် သက်ဆိုင်ရာတရားစွဲသည့် အဖွဲ့အစည်းက အပင်မျိုးသစ် ဟုတ် မဟုတ် ထင်မြင်ချက် သဘောထားများ တောင်းခံလာပါက စိစစ်၍ ပြန်ကြားရမည်။

၁၇။ အပင်မျိုးမွေးမြူသူ၏ သဘောရိုးမဟုတ်သည့် ဆောင်ရွက်ချက်များကြောင့် ကာကွယ်ခွင့် ရရှိထားသည့် အပင်မျိုးသစ်ကို အသုံးပြုသူများ၌ တစ်စုံတစ်ရာ ထိခိုက်နစ်နာ၍ ပြန်လည် ပေးလျော်သင့်သည်များရှိပါက ဗဟိုကော်မတီ၏ အဆုံးအဖြတ်အတိုင်း ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးမွေးမြူသူမှ လိုက်နာဆောင်ရွက်ပေးရမည်။

တင်ထွဋ်ဦး<br>
ပြည်ထောင်စုဝန်ကြီး<br>
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## CHAPTER VI

## MISCELLANEOUS

15. The Central Committee and the Technical Committee shall hold regular meetings and, if necessary, hold special meetings.

16. If the relevant prosecuting body requests the recommendations whether a plant variety is a new plant variety or not, the Central Committee shall evaluate and respond to them.

17. If there is reimbursement of losses for the users of the protected new plant variety due to dishonest manner of the breeder, the breeder shall follow the decision of the Central Committee.

Tin Htut Oo
Union Minister
Ministry of Agriculture, Livestock and Irrigation

ပုံစံ (၁)

သို့

ဥက္ကဋ္ဌ
Chairperson
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ
The Central Committee for National New Plant Variety Protection
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
Ministry of Agriculture, Livestock and Irrigation
နေပြည်တော်။
Nay Pyi Taw

**အကြောင်းအရာ။** **အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း။**

Title: Application for Certificate of Plant Breeder's Right for Protection of a New Plant Variety

၁။ လျှောက်ထားသူအမည် ----------------------------------------

1. Applicant name ----------------------------------------

၂။ လျှောက်ထားသူအမျိုးအစား □မူလမျိုးမွေးမြူသူ □အခြား (ဖော်ပြရန်)----------------------------------------------------

2. Type of applicant □Original breeder □Others (specify) --
-----------------------------------------------------------

၃။ လူမျိုး/ နိုင်ငံသား ---------------------------------------------

3. Nationality/National ------------------------------------------

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် (မိတ္တူပူးတွဲတင်ပြရန်) ---------------------------------------

4. No. of identity card (with copy) -----------------------------

၅။ အဖွဲ့အစည်းအမည်-------------------------------------------

5. Organization name ----------------------------------------

(က) နေရပ်လိပ်စာ -----------------------------------------

(a) Address -----------------------------------------

(ခ) (b) ဖုန်း/ Phone------------------------------------------

ဖက်(စ်)/ Fax------------------------------------------

အီးမေးလ်/ E-mail ------------------------------------

၆။ အပင်မျိုးသစ်မွေးမြူသည့်နေရာ/နိုင်ငံ ----------------------------

6. Place/State where the new plant variety was bred------------

၇။ အပင်မျိုးသစ်ရယူခဲ့သည့်နေရာ/နိုင်ငံ -------------------------

7. Place/State where the new plant variety was obtained--------

၈။ သီးနှံအမည် ----------------------------------------------

8. Crop name ---------------------------------------------

၉။ အပင်မျိုးသစ်အမည် ---------------------------------------

9. New plant variety name -------------------------------------

၁၀။ မိဘ/ မူရင်းမျိုးအမည် -------------------------------------

10. Parent names/Name of original variety ---------------------

၁၁။ ဗီဇပြုပြင်ထားသည့် အပင်မျိုးသစ် ဟုတ်/မဟုတ် ----------------

11. Genetically modified new plant variety / Not -----------------

၁၂။ အခြားနေရာ/နိုင်ငံများတွင် မှတ်ပုံတင်ထားခြင်းရှိ/မရှိ □ ရှိ □ မရှိ

12. Is the variety registered or patented in other places / states?

□ Yes □ No

ရှိလျှင် နေရာ/နိုင်ငံ-------------- If yes, Place/State ------------

နေ့စွဲ -------------------- Date ---------------------------

၁၃။ အပင်မျိုးသစ်သည် ဈေးကွက်တွင် ရောင်းချထားခြင်း ရှိ/မရှိ □ ရှိ □ မရှိ

13. Is the new plant variety offered for marketing or selling?

□ Yes □ No

ရှိလျှင်ဈေးကွက်ရှိအမည်------------------------------------------

If yes, new plant variety's name in market -------------------

ရောင်းချခဲ့သည့်ကာလ---------- Marketed/Sold period ---------

၁၄။ အပင်မျိုးသစ်ဖြစ်ကြောင်းစစ်ဆေးခြင်း □ စစ်ဆေးပြီး

□ စစ်ဆေးဆဲ

□ စစ်ဆေးရန်

14. The technical examination of the new plant variety

□ has already been completed

□ is in progress

□ will be carried out

၁၅။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များ

15. Other information to be attached with application form

(က) အပင်မျိုးသစ်၏နမူနာ (အပင်အမျိုးအစားအလိုက် တိုက်ဆိုင်စစ်ဆေးရေးလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့် ပမာဏအတိုင်း)

(a) Sample of new plant variety (the amount according to Test Guidelines of the specific crops)

(ခ) အပင်ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်

(b) Plant phytosanitary certificate

(ဂ) လျှောက်ထားသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်လက်မှတ်မိတ္တူ

(c) Copy of registered certificate of the applicant's organization

(ဃ) အပင်မျိုးသစ်၏ရာဇဝင်

(d) History of the new plant variety

(င) အပင်မျိုးသစ်၏ အရည်အသွေးနှင့် အရည်အချင်းဆိုင်ရာ လက္ခဏာများ

(e) Qualitative and Quantitative characters of the new plant variety

(စ) အပင်အမျိုးအစားအလိုက် တိုက်ဆိုင်စစ်ဆေးရေးလမ်းညွှန် စာအုပ်ပါ နည်းပညာမေးခွန်းလွှာ

(f) Technical Questionnaire (TQ) of specific crop in Test Guidelines (TGs)

(ဆ) အပင်မျိုးသစ်၏ အခြားထူးခြားသော လက္ခဏာများ

(g) Other distinct characters of the new plant variety

၁၆။ လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော မျိုးနမူနာများသည် အပင်မျိုးသစ်ကို ကိုယ်စားပြုပြီး လျှောက်လွှာပါ အချက်အလက်များနှင့် သက်ဆိုင်ကြောင်း ဝန်ခံပါသည်။

16. I/We declare that the material provided with the application is representative of the new plant variety and relevant to this application.

၁၇။ လျှောက်လွှာပါ အချက်အလက်များနှင့် ပူးတွဲတင်ပြထားသော အချက်အလက်များသည် ပြည့်စုံမှန်ကန်ကြောင်း ဝန်ခံပါသည်။

17. I/We hereby declare that, to the best of my/our knowledge, the information necessary for the examination of the

application, given in this form and in the annexe, is complete and correct.

ကုမ္ပဏီ/အဖွဲ့အစည်းအမှတ်တံဆိပ် logo of the organization or company

လက်မှတ် (များ) ------------နေရာ --------ရက်စွဲ နှင့် အချိန် --------
Signature (s) -------------Place---------Date and Time ---------

**ရုံးလုပ်ငန်းအဖွဲ့မှ ဖြည့်စွက်ရန်**

To be completed by the office

လျှောက်လွှာအမှတ်/ No. of application ---------------------------

လျှောက်လွှာလက်ခံရရှိသည့်နေ့စွဲ/ Date of the receipt of the application form----------------------------------------------

(လက်မှတ်)(Signature)

တာဝန်ခံ/ In charge

ပုံစံ(၂)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

### အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

ရက်စွဲ -

## အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်

**အသိအမှတ်ပြုလက်မှတ် အမှတ်စဉ် -**

အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (၂၀၁၉) အရ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးအား

(                    )

**————သီးနှံ၊ ————မျိုးအား**

ကာကွယ်ခွင့် (    ) **နှစ်ကို**

(          ) ရက်နေ့မှစတင်၍ ပေးအပ်လိုက်သည်။

**ဥက္ကဋ္ဌ**

**အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ**

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ပုံစံ(၃)

သို့

ဥက္ကဋ္ဌ
Chairperson
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ
The Central Committee for National New Plant Variety Protection
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
Ministry of Agriculture, Livestock and Irrigation
နေပြည်တော်။
Nay Pyi Taw

**အကြောင်းအရာ။** **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးနှင့် သက်ဆိုင်သည့် ဦးစားပေး အခွင့်အရေးရရှိရန် လျှောက်ထားခြင်း။**

Title: Application for Right of Priority of New Plant Variety Protection of Plant Breeder's Right

၁။ လျှောက်ထားသူ

1. Applicant

(က) အမည်-----------------------------------------------

(a) Name -----------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် (မိတ္တူပူးတွဲတင်ပြရန်) ----------------------------------------

(b) No. of identity card (with copy) ------------------------------

(ဂ) လူမျိုး/နိုင်ငံသား -----------------------------------------------

(c) Nationality/National ------------------------------------------

(ဃ) ပညာအရည်အချင်း ----------------------------------------

(d) Education ------------------------------------------------

(င) အဖွဲ့အစည်းအမည် ----------------------------------------

(e) Organization name ---------------------------------------

(စ) နေရပ်လိပ်စာ ----------------------------------------------

ဖုန်း------------------ဖက်(စ်)------------E-mail ------------

(f) Address ----------------------------------------------------

Phone-------------------- Fax ---------------------------------

E-mail ---------------------------------------------------------

၂။ လျှောက်ထားလိုသည့် အပင်မျိုးသစ်

2. Candidate plant variety

(က) အပင်မျိုးရယူခဲ့သည့် နေရာ/နိုင်ငံ ------------------------------

(a) Place /State where the plant variety was bred---------------

(ခ) အပင်မျိုးရယူခဲ့သည့်အဖွဲ့အစည်း ---------------------------------

(b) Organization where the plant variety was obtained

(ဂ) သီးနှံအမည်--------------------------------------------------

(c) Crop name -------------------------------------------------

(ဃ) ရုက္ခဗေဒအမည်----------------------------------------------

(d) Botanical name--------------------------------------------

(င) မျိုးရိုးဗီဇပြုပြင်သီးနှံဟုတ်/မဟုတ် (ထောက်ခံချက်မိတ္တူပူးတွဲ)-----------

(e) Wether it is genetically modified new plant variety or not (Attached with copy of certificate) --------------------------

(စ) မိဘ/ မူရင်းမျိုးအမည်-----------------------------------------

(f) Parent names/ Name of original variety ---------------------

၃။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များ-

3. Other information to be attached to application form

(က) ပထမလျှောက်ထားခဲ့သည့်မျိုးနှင့်တစ်မျိုးတည်းဖြစ်ကြောင်း မျိုးနမူနာ (အပင်အမျိုးအစားအလိုက် တိုက်ဆိုင်စစ်ဆေးရေးလမ်းညွှန် စာအုပ်တွင် ဖော်ပြထားသည့် ပမာဏအတိုင်း)နှင့် အခြား ထင်ရှားသည့် အချက်အလက်များ

(a) New plant variety sample of the same variety in previous application (the amount designated for the specific crops in Test Guidelines) and other distinctive facts

(ခ) အပင်ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်

(b) Plant phytosanitary certificate

(ဂ) လျှောက်ထားသည့်အဖွဲ့အစည်း၏ မှတ်ပုံတင်လက်မှတ်မိတ္တူ

(c) Copy of registered certificate of the applicant's organization

(ဃ) ပထမမှတ်ပုံတင် လျှောက်ထားခြင်းနှင့် သက်ဆိုင်သည့် အထောက်အထားမိတ္တူများ

(d) Others certified copies related with previous application

(င) ပထမလျှောက်ထားခဲ့သည့် အာဏာရအဖွဲ့အစည်းထံမှ မှန်ကန်ကြောင်း ထောက်ခံချက် မိတ္တူမူရင်းများ

(e) The true copies of the recommendation certificate from authorized organization of previous application

၄။ လျှောက်လွှာပါအချက်အလက်များနှင့် ပူးတွဲတင်ပြထားသော အချက်အလက်များသည် ပြည့်စုံ မှန်ကန်ကြောင်း ဝန်ခံပါသည်။

4. I/We hereby declare that, to the best of my/our knowledge, the information necessary for the examination of the

application, given in this form and in the annexes, is complete and correct.

**ကုမ္ပဏီ/အဖွဲ့အစည်းအမှတ်တံဆိပ် logo of the organization or company**

လက်မှတ် (များ) -----------နေရာ --------ရက်စွဲ နှင့် အချိန် ---------
Signature (s) ------------Place---------Date and Time ---------

**ရုံးလုပ်ငန်းအဖွဲ့မှဖြည့်စွက်ရန်**

To be completed by the office

လျှောက်လွှာအမှတ်/ No. of application --------------------------

လျှောက်လွှာလက်ခံရရှိသည့်နေ့စွဲ/ Date of the receipt of the application form----------------------------------------------

(လက်မှတ်)(Signature)

တာဝန်ခံ/ In charge